Emmanuel Christian Community School

CASSERLEY CAMPUS – K to 6
50 Casserley Ave. GIRRAWHEEN

SALCOTT CAMPUS – 7 to 12
3 Salcott Rd. GIRRAWHEEN

**Phone:** 9342 7377 | **Email:** admin@eccs.wa.edu.au

၁ ရက် မေလ ၂၀၂၂

လေးစားအပ်ပါသော မိဘများ ၊ အုပ်ထိန်းသူများ နှင့် ကျောင်းမိသားစုဝင်များ

ဧပြီလ ၂၉ရက် သောကြာနေ့ နံနက် ၁၂ နာရီ ၀၁ မိနစ် မှ စတင်ပြီး COVID-19 ညွှန်ကြားချက် အပြောင်းအလဲများကို ပြည်နယ်အစိုးရက ထုတ်ပြန်ကြေညာလိုက်ပါသည်။ ( အသေးစိတ် အချက်အလက်များကို wa.gov.au တွင်ဖော်ပြထားပါသည်။)

**MASKS**

- ရောဂါလက္ခဏာ မပြဘဲ အနီးကပ်ထိတွေ့ခြင်း သို့မဟုတ် အများသုံး သယ်ယူပို့ဆောင်ရေးဖြစ်သော ကား၊ ရထားစီးချိန် မှလွဲ၍ ကျောင်းတက်သည့် အခါတွင် MASK တပ်ဆင်ခြင်းကို **စိတ်ကြိုက် ရွေးချယ်နိုင်ပြီး ၊ မဖြစ်မနေ တပ်ဆင်ရန် မလိုတော့ပါ။**
- ဝန်ထမ်းများ နှင့် ကျောင်းသူ/သား ( ၇-တန်း နှင့် အထက်) များသည် တစ်ယောက်နှင့် တစ်ယောက် ခပ်ခွါခွါ နေရန် မဖြစ်နိုင်သောအချိန်များတွင် MASK တပ်ဆင်ရန် တိုက်တွန်း အပ်ပါသည်။
- MASK တပ်ဆင်ရန် သက်တောင့်သက်သာ ရှိသူများသည် ဆက်လက်ပြီး လုပ်ဆောင်သင့်ပါသည်။

**ကျောင်းသူ/သားများ**

- သင့်မိသားစု ဝင်များမှ လူတစ်ယောက်သည် ကိုဗစ်ရောဂါ ကူးစက်ခံရပြီး သင့်ကလေးသည် ရောဂါလက္ခဏာ မပြဘဲ အနီးကပ် ထိတွေ့ သူဖြစ်လာသော သူများသည် (၇) ရက်သီးသန့် နေစရာ မလိုတော့ဘဲ ထိုသူများသည် **ကျောင်းတက်မည်ဆိုပါက အောက်ဖော်ပြပါ အချက် (၂) ချက်ကို လုပ်ဆောင်ရမည် ဖြစ်သည်။**
  **၁။** ကျောင်းသို့ မလာခင် (RAT) စမ်းသပ်မှုကို နေ့စဉ် ပြုလုပ်ရမည်ဖြစ်ပြီး နေ့စဉ် Negative အဖြေရရှိ ရမည်ဖြစ်သည်။
  **၂။** Year 7 – 12 မှ ကျောင်းသူ/သား များ ဖြစ်လျှင် ကျောင်းသို့ MASK တပ်ဆင်ရမည် ဖြစ်သည်။
- ကျောင်းလှုပ်ရှားမှုများအတွက် အခြား အတန်းရှိ အဖွဲ့များနှင့် အတူတကွ လုပ်ဆောင်နိုင်မည် ဖြစ်သည်။

*ပြည်နယ်အစိုးရက ကျောင်းသူ/သားများအားလုံးအတွက် ထောက်ပံ့ပေးထားသော အခမဲ့ RAT ပစ္စည်းများကို ရရှိသည့်အခါ လာယူရမည့် အချိန်ကို ထပ်မံအကြောင်းကြားပေးပါမည်။ ဤအချိန်အတောအတွင်းတွင် သင့်ကလေးသည် ရောဂါလက္ခဏာ ပြလာပါက သို့မဟုတ် အိမ်သူအိမ်သားများနှင့် အနီးကပ်ထိတွေ့မိပါက ကျွန်ုပ်တို့ထံ ဆက်သွယ်ပေးပါ။*

**မိဘများ**

- ကျောင်းစာသင်ခန်းများနှင့် ကျောင်းဝန်း အတွင်း ခွင့်ပြုထားသည်။
- မိဘ ဆရာ အစည်းဝေးများ ၊ Assemblies ၊ အားကစားပွဲများ နှင့် အခြား အထူးပွဲ အစီစဉ်များ တက်ရောက်နိုင်သည်။
- စေတနာ့ ဝန်ထမ်းများလည်း ပြုလုပ်နိုင်ပြီ ဖြစ်ပြီး တစ်ပတ်လျှင် တစ်ကြိမ်ထပ် မက ပါဝင် လုပ်ဆောင်မည်ဆိုပါက ကိုဗစ်ကာကွယ်ဆေး (၂) ကြိမ် ထိုးပြီး ဖြစ်ရပါမည်။
- သင်၏ ကလေးသည် ကိုဗစ်ရောဂါ ကူးစက်ခံရပြီး သို့မဟုတ် အိမ်သူ/သားများနှင့် အနီးကပ် ထိတွေ့ ဆက်ဆံသူဖြစ်ပါက ကျောင်းသို့ မပျက်မကွက် အကြောင်းကြားရမည် ဖြစ်သည်။
- (၇) ရက် သီးသန့်နေခြင်း နှင့် ပတ်သက်သောလုပ်ဆောင်ချက်သည် ကိုဗစ်ရောဂါပိုး ရှိသော အိမ်သူ/သား အားလုံးအတွက် အကြုံးဝင်ပါသည်။

Emmanuel Christian Community School

**Address** 3 Salcott Road,
Girrawheen WA 6064
**Phone** 9342 7377 **Fax** 9342 8286
**Email** emmanuel@eccs.wa.edu.au

**www.eccs.wa.edu.au**

**ဝန်ထမ်းများ**

- ကျောင်း ဝန်ထမ်းများအားလုံးသည် ကိုဗစ်ကာကွယ်ဆေးကို (၂)ကြိမ် ထိုးထားရန် လိုအပ်ပြီး တတိယအကြိမ်မြောက် ထိုးခွင့်ရရှိသူများသည် တစ်လအတွင်း ဆေးထိုးထားရန် လိုအပ်ပါသည်။
- နေ့စဉ် ဝန်ထမ်းများ၏ ဝတ်ပြု ဆုတောင်းခြင်းများနှင့် အားလပ်ချိန်များကို အတူတကွ တက်ရောက်နိုင်ပါသည်။

**ကိုဗစ် နှင့် ပတ်သက်ပြီး ဘေးကင်းရန် လုပ်ဆောင်သော စီမံမှုများကို ကွန်ုပ်တို့သည် ဆက်လက် လိုက်နာပါမည်။**

- ကျောင်းရှိဝန်ထမ်းများအားလုံးနှင့် ပုံမှန်အလုပ်လုပ်သူများ (စေတနာ့ ဝန်ထမ်းအပါအဝင်) သည် ကိုဗစ်ကာကွယ်ဆေး (၂) ကြိမ် ထိုးပြီးသားများ ဖြစ်ပြီး (တတိယအကြိမ်မြောက် ထိုးခွင့်ရရှိသူများသည် တစ်လအတွင်း ဆေးထိုးထားရန်) ဖြစ်သည်။
- ပိုအေးသောရာသီဥတုအတွက်အပါအဝင်ကျန်းမာရေးဌာနမှအကြံပေးချက်များနှင့်အညီစာသင်ခန်းတစ်ခုစီတိုင်း၌ စံချိန်မှီ လေဝင်လေထွက် ကောင်းအောင် ပြုလုပ်ထားခြင်း
- ပိုမိုကောင်းမွန်သော သန့်ရှင်းရေးကိုလည် ဆက်လက်ထားရှိပါသည်။

ကျွန်ုပ်တို့ ၏ ကျောင်း လှုပ်ရှားမှုများကို ပြန်လည် စတင်နိုင်သည့်အတွက် ကျွန်ုပ်တို့သည် အလွန်ဝမ်းသာပီတိ ဖြစ်ရပါသည်။ ကျွန်ုပ်တို့ကို ပံ့ပိုးကူညီပေးသူများ နှင့် ပူးပေါင်းဆောင်ရွက်ပေးသော ကျောင်း အသိုင်းအဝိုင်းများ ကို အထူးပင် ကျေးဇူးတင်ရှိကြောင်း ဖော်ပြရင်း ကျောင်းမိသားစုဝင်များ နှင့် ဝန်ထမ်းများအားလုံး ဘေးကင်းလုံခြုံမှုရှိရန် ဆုတောင်းပေးပါသည်။

In Christian Service

Carol Davis
ကျောင်းအုပ်ကြီး